**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကျန်းမာရေးဝန်ကြီးဌာန**

**ကုသရေးဦးစီးဌာန**

## Management protocol for healthcare professionals who are contacts of confirmed COVID-19 cases (Version – 2) (as of 9-8-2021)

- ဓာတ်ခွဲအတည်ပြုလူနာနှင့် တိုက်ရိုက်ထိတွေ့ခဲ့သော ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ထိုသို့ ထိတွေ့စဉ် သတ်မှတ်ထားသော Level 2 PPE ဝတ်ဆင်ထားပါက low risk contact ဟု သတ်မှတ်ရန်၊ COVID-19 ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားပါက swab test စစ်ဆေးခြင်းအား ဆန္ဒအလျောက်ဆောင်ရွက်ခွင့်ပြုရန်၊ COVID-19 ကာကွယ်ဆေး မထိုးနှံရသေးပါက နောက်တစ်ရက် သို့မဟုတ် နှစ်ရက်အတွင်း swab test စစ်ဆေးပေးရန်၊ negative ဖြစ်ပြီး ရောဂါလက္ခဏာ တစ်စုံတစ်ရာ မရှိပါက "COVID-19 ရောဂါနှင့်ပတ်သက်၍ ဆေးရုံများတွင် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းလမ်းညွှန် (Version 4)(as of 1-7-2020)"တွင် ပါဝင်သော ရောဂါကူးစက်မှုကာကွယ်ရေးလုပ်ငန်းလမ်းညွှန်များအတိုင်း တိကျစွာ လိုက်နာစေပြီး လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခွင့်ပြုရန်၊

- ဓာတ်ခွဲအတည်ပြုလူနာနှင့် အလွန်နီးကပ်စွာ နေထိုင်ခဲ့ဖူးသော ကျန်းမာရေးဝန်ထမ်းများ **(ဥပမာ-** တစ်ခန်းတည်း အတူနေကြသူများ၊ ထမင်းအတူတူစားကြသူများ**.....)**၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့စဉ် သတ်မှတ်ထားသော Level 2 PPE ဝတ်ဆင်မထားသူများအနေဖြင့် high risk contact ဟု သတ်မှတ်ပြီး နောက်တစ်ရက် သို့မဟုတ် နှစ်ရက် အတွင်း swab test စစ်ဆေးရန်၊ negative ဖြစ်ပါက

နောက်ထပ် (၇၂) နာရီ Quarantine ထားရှိပြီး ဒုတိယအကြိမ် swab test စစ်ဆေးရန်၊ swab test negative ဖြစ်ပါက တာဝန်ပြန်လည်ထမ်းဆောင်ခွင့်ပြုရန်၊

- ထိုသို့ (high risk, low risk contact ကျန်းမာရေးဝန်ထမ်းများ**)** သတ်မှတ်ထားသော protective measures ကို အသုံးပြုပြီး လုပ်ငန်းခွင်ဝင်ရောက်စဉ် ရောဂါလက္ခဏာပေါ်ပေါက်ပါက အလုပ်မှ ချက်ချင်းအနားယူစေပြီး test ပြန်လည် စစ်ဆေးပေးရန်၊ negative ဖြစ်ပါက PUI swab test negative case အဖြစ် သတ်မှတ်ကုသပြီး ရောဂါလက္ခဏာများ ပျောက်ကင်းသွားပါက လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန်၊

(swab test ပြုလုပ်ခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ လူနာဆောင်တာဝန်ခံဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဖြစ်ပါက တာဝန်ခံပုဂ္ဂိုလ်နှင့် အဆိုပါလုပ်ငန်းရှိ သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများက လိုအပ်သလိုဆုံးဖြတ်ရန်)

**Level 2 PPE**

- Disposable gowns
- Eye and Face Protection (Googles/Face shields)
- Masks **(**COVID-19 Acute Respiratory Disease နှင့်ပတ်သက်၍ Personal Protective Equipment ဝတ်ဆင်ရန်လုပ်ငန်းလမ်းညွှန်-Version 2**-** as of 1-7-2020နှင့်အညီ သင့်လျော်သော အမျိုးအစား ဝတ်ဆင်ခြင်း)